နောက်ဆက်တွဲ (က)

**ဂိုးလ်ဝင်းနားအဆိုစီရေးရှင်းကုမ္ပဏီလီမိတက်၏ (TPK–217)ရွှေလုပ်ကွက်တွင်**
**ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း စီမံကိန်းအကြောင်းအရာ**

၁။ ဂိုးလ်ဝင်းနားအဆိုစီရေးရှင်း ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ လမ်းလယ်ကျစ်ကျေးရွာအနီးရှိ မြေဧရိယာ (၂၀)ကေကျယ်ဝန်းသော (TPK–217) ရွှေသတ္တုလုပ်ကွက်၏ ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂၀-၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇ အီးအိုင်အေ (၂၃၈ /၂၀၂၀) တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan -EMP) ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate -ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်မို့မို့လွင်၊ မန်နေးဂျင်းဒါရိုက်တာ၊ ညည-၂/၇၊ (င)ရပ်ကွက်၊ ပြည်ကြီး တံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ၀၉-၅၁၅၇၀၁၈၊ ဂိုးလ်ဝင်းနားအဆိုစီရေးရှင်းကုမ္ပဏီလီမိတက် ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းစဉ်မှာ ရှာဖွေ လိုဏ်ခေါင်းများတူးဖော်ခြင်း၊ မြေအောက်လုပ်ကွက်ဧရိယာချဲ့ယူခြင်း၊ ရွှေပါသတ္တုကျောက်ဖြုံးများကို မြေပြင်ပေါ်သို့ ထုတ်ယူခြင်း၊ အဆင့်ဆင့်ကြိတ်ခွဲခြင်း၊ ကျိုချက်ခြင်းနှင့် သန့်စင်ခြင်းတို့ ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ဓာတုအသုံးပြုမှုအနေဖြင့် တစ်နှစ်လျှင် ဆိုဒီယမ်ဆိုင်ရာနိုက် (NaCN) (18000kg)၊ ပြဒါး(Hg) (5kg)၊ ထုံး(CaO) (28800kg)၊ ဆိုဒီယမ်ပါရော့ဆိုဒ်(NaO) (2160kg) အသုံးပြုနေခြင်းဖြစ်ပါသည်။ တစ်နှစ်လျှင် ဒီဇယ်ဆီ (CIP) (၆၀၀) ပေပါ၊ အင်ဂျင်ဝိုင် (၃၀၀) ဂါလန်၊ ဟိုက်ဒရောလစ်ဆီ (၁၂၀) ဂါလန်၊ ဒီဇယ် (၃၀၀၀၀) ဂါလန်နှင့် ရေ(၁၇၀၀၀၀) ဂါလန်တို့ကို အသုံးပြုဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ လမ်းလယ်ကျစ်ကျေးရွာအနီးတွင် တည်ရှိပါသည်။

